## *ပေးကမ်းမှုများနှင့် လက်ဆောင်ပစ္စည်းများ*

AMCHAM Myanmar (AMCHAM) သည် မိမိတို့ လုပ်ငန်းဆောင်တာများ၊ တာဝန်ဝတ္တရားများနှင့် ဆုံးဖြတ်ချက်များအပေါ် ပြောင်းလဲစေမည့် လက်ဆောင်ပစ္စည်းများနှင့် ဦးစားပေး ဘက်လိုက်ခြင်းတို့အား တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ ပေးခြင်း၊ လက်ခံခြင်း (သို့မဟုတ်) တောင်းဆိုခြင်းမျိုး ပြုလုပ်မည် မဟုတ်ပါ။ အမ်ချမ်၏ ဝန်ထမ်းများသည် အမ်ချမ်နှင့် ပူးပေါင်းဆောင်ရွက်လိုသော လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် ကုမ္ပဏီများမှ ဖြစ်စေ၊ ပြိုင်ဘက်အဖွဲ့အစည်းမှ ဖြစ်စေ ကမ်းလှမ်းလာသော လက်ဆောင်ပစ္စည်းများ၊ အထူးအခွင့်အရေးများ၊ ဦးစားပေးဘက်လိုက်မှုများ၊ ငွေ သို့မဟုတ် အခြားအကျိုးအမြတ်များ (အကျိုးအမြတ်အတွက် မဟုတ်သော လက်ဆောင်များ) ကို ငြင်းဆိုရန် လိုအပ်သည်။ သို့သော် အကျိုးအမြတ်အတွက် မဟုတ်သော လက်ဆောင်များတွင် ၁) သာမန်ခင်မင်မှု လက်ဆောင်များ (ဥပမာ - ကုန်အမှတ်တံဆိပ်ပါသော ဘောပင်များ၊ ကော်ဖီခွက်များ၊ ဗလာစာအုပ်များ စသဖြင့်) သို့မဟုတ် ဒေသခံယဉ်ကျေးမှုကို လေးစားသောအားဖြင့် လက်ခံရန် လိုအပ်လာသော အချိန်အခါအလိုက် ပေးသော သေးငယ်သော လက်ဆောင်များ၊ စီမံအုပ်ချုပ်သူဘုတ်အဖွဲ့မှ သတ်မှတ်ထားသော အများဆုံးပမာဏကို မကျော်လွန်သော ခင်မင်မှုအရ/ယဉ်ကျေးမှုအရ ပေးသော လက်ဆောင်များ စသည်တို့ မပါဝင်ပါ။ ခင်မင်မှုအရ/ယဉ်ကျေးမှုအရ ပေးသော လက်ဆောင်များအပြင် အကျိုးအမြတ်အတွက် မဟုတ်သော လက်ဆောင်များကို အချို့သော အခြေအနေများတွင် အမှုဆောင်ဒါရိုက်တာ၏ စာဖြင့်ရေးသားထားသော ကြိုတင်ခွင့်ပြုချက်ပါမှသာ လက်ခံရမည် ဖြစ်ပါသည်။

## *ပေးကမ်းမှုများနှင့် လက်ဆောင်ပစ္စည်းများအပေါ် သဘောထား ထုတ်ပြန်ချက်*

*ပေးကမ်းမှုများ၊ လက်ဆောင်ပစ္စည်းများနှင့် ပတ်သက်သော အထက်ပါမူဝါဒကို ဖတ်ရှုနားလည်ပြီး အထက်ပါ မူဝါဒအရ တားမြစ်ထားသော လက်ဆောင်ပစ္စည်းများ၊ အထူးအခွင့်အရေးများ၊ ဦးစားပေးဘက်လိုက်မှုများ၊ ငွေ သို့မဟုတ် အခြားအကျိုးအမြတ်တို့ကို မည်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ လက်ခံမည်မဟုတ်ကြောင်း လက်ခံသဘောတူပါသည်။*

______________________

*လက်မှတ်*

______________________

*အမည်နှင့် ရက်စွဲ*

| မူ | အတည်ပြုသည့်ရက်စွဲ | နောက်တစ်ကြိမ်ပြန်လည်စိစစ်ရမည့်ရက်စွဲ | နောက်ဆုံးစစိစစ်ပြီးသည့် ရက်စွဲ | ဦးဆောင်စိစစ်သူများ | လိုက်နာရမည့်ပုဂ္ဂိုလ်များ |
|---|---|---|---|---|---|
| ၁.၀ | ဇွန်လ ၁၆၊ ၂၀၂၂ | ဇွန်လ ၂၀၂၄ | | အမှုဆောင်ဒါရိုက်တာ၊ အတွင်းရေးမှူး | အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် စီမံအုပ်ချုပ်သူများ |